# နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၂၄ ကို ပုဒ်မ ၂၄ ပုဒ်မခွဲ (က) အဖြစ် ပြင်ဆင်ရမည်၊

(ခ) အောက်ပါ ပုဒ်မခွဲကို ပုဒ်မ ၂၄ ပုဒ်မခွဲ (ခ) အဖြစ် ဖြည့်စွက်ရမည် –

(ခ) နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ရပ်မှ နိုင်ငံရေးပင်စင်ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်၏ တာဝန်ထမ်းဆောင်မှုသည် ကျေနပ်ဖွယ်ရာ မရှိပါက ယင်းခံစားခွင့်ရှိသည့် နိုင်ငံရေး ပင်စင်ကို မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီက လိုအပ်သလို ဖြတ်တောက်နိုင်သည်။

၃။ (က) နိုင်ငံရေးပင်စင် ဥပဒေ ပုဒ်မ ၂၅ ကို ပုဒ်မ ၂၅ ပုဒ်မခွဲ (က) အဖြစ် ပြင်ဆင်ရမည်၊

(ခ) အောက်ပါ ပုဒ်မခွဲကို ပုဒ်မ ၂၅ ပုဒ်မခွဲ (ခ) အဖြစ် ဖြည့်စွက်ရမည်—

(ခ) နိုင်ငံတော် အဖွဲ့အစည်း တစ်ရပ်ရပ်မှ နိုင်ငံရေး ပင်စင် ခံစားခွင့် ရှိသည့် ပုဂ္ဂိုလ်၏ တာဝန် ထမ်းဆောင်မှုသည် ကျေနပ်ဖွယ်ရာမရှိပါက ယင်း ခံစားခွင့်ရှိသည့် နိုင်ငံရေးပင်စင်ကို နိုင်ငံတော် ကောင်စီက လိုအပ်သလို ဖြတ်တောက်နိုင်သည်။